# AURORA PUBLIC SCHOOLS

ကော်လိုရာဒိုပြည်နယ်တွင် ဒုတိယအဆင့်ပညာသင်ကြားရေးအပြီး ကျောင်းသားများ အလုပ်ခွင်ဝင်ရန် ခန့်အပ်လွှာရရှိမှုတွင် နံပါတ် ၁

APS 2020 SHAPING THE FUTURE STRATEGIC PLAN

## ကျွန်ုပ်တို့ ဦးတည်သွားရောက်နေသည့် ပန်းတိုင် -
### ကြိုတင်သိမြင်ရည်မှန်းထားရှိချက်

ကျောင်းသူ၊ ကျောင်းသား တစ်ဦးတစ်ယောက်စီတိုင်းသည် အောင်မြင်သော အနာဂါတ်တစ်ခုအား ပုံသွင်းကြသူများဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ -
### တာဝန်ခံယူချက်

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းဖြင့် ပူးပေါင်းတွဲဖက်ဆောင်ရွက်ပြီး ကျောင်းသူ၊ ကျောင်းသားများအားလုံး ဉာဏ်ပညာဗဟုသုတ၊ စွမ်းဆောင်ရည်များနှင့် အောင်မြင်သော အနာဂါတ် အား ပုံသွင်းရရှိနိုင်စေရန် လိုအပ်သည့် စရိုက်လက္ခဏာများ ဖွံ့ဖြိုးဆောင်ရွက်နိုင်စေရန် သင်ယူ လေ့လာမှုအား အရှိန်မြင့်တင်ပေးမည်ဖြစ်ပါသည်။



## ကျွန်ုပ်တို့၏ ဦးတည်ချက်ပန်းတိုင်သို့ မည်သို့ ရောက်ရှိနိုင်မည်နည်း -
### မဟာနည်းဗျူဟာပိုင်းဆိုင်ရာ ပန်းတိုင် သုံးခု

APS ကျောင်းသူ၊ ကျောင်းသားတိုင်းတွင် အောက်ဖော်ပြပါတို့ ရှိမည်ဖြစ်ပါသည် -

**ပန်းတိုင် 1 - သူ သို့မဟုတ် သူမ၏ အနာဂါတ်အတွက် အစီအစဉ်တစ်ခု**

**ပန်းတိုင် 2 - သူ သို့မဟုတ် သူမ၏ အစီအစဉ်အား အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် အရည် အချင်း သတ်မှတ်ချက်များ**

**ပန်းတိုင် 3 - တံခါးပေါက်များအား ဖွင့်ပေးနိုင်သည့် စွမ်းရည် အရည်အချင်းများ**

## ကျွန်ုပ်တို့ ယုံကြည်ထားသည်မှာ -

## ကျွန်ုပ်တို့၏ အဓိက ယုံကြည်ချက်များ

APS 2020 သည် ပညာရေးနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်း၏ အဓိကကျသော ယုံကြည်ချက်များအပေါ် အခြေခံထားခြင်းဖြစ်သည် - ဤယုံကြည်ချက်များ သည် ကျွန်ုပ်တို့၏ အောက်ခံဖောင်ဒေးရှင်းပင်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့ ယုံကြည်ထားသည်မှာ -

- ကျောင်းသူ၊ ကျောင်းသား တစ်ဦးတစ်ယောက်စီတိုင်းတွင် ကျွန်ုပ်တို့ အသိအမှတ်ပြု၊ ညှိနှိုင်းဆောင်ရွက်ပေး ရမည်ဖြစ်သော တမူထူးခြားသည့် စွမ်းဆောင်နိုင်စွမ်းများ ရှိကြသည်။

- ကျောင်းသူ၊ ကျောင်းသားများအား ဗဟိုပြုသည့် ခရိုင်ဒေသတစ်ခုသည် သင်ယူလေ့လာခြင်း အတွက် ကျင့်သုံးလက်ခံနိုင်သော၊ ထို့ပြင် တာဝန်ယူသော အောက်ခံဖောင်ဒေးရှင်းတစ်ခုကို ထောက်ပံ့ပေးသည်။

- ကျွန်ုပ်တို့၏ ကြိုတင်သိမြင်ရည်မှန်းထားရှိချက် နှင့် တာဝန်ခံယူချက်များတွင ကျောင်းသူ၊ ကျောင်းသားများနှင့် ဝန်ထမ်းများ၏ လုံခြုံအန္တရာယ်ကင်းရေးသည် အလွန်ပင် အရေးပါသည်။

- ကျောင်းသူ၊ ကျောင်းသားများ၊ မိသားစုများ၊ ဝန်ထမ်းများနှင့် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များ သည် ကျောင်းသူ၊ ကျောင်းသားများ၏ အောင်မြင်ရရှိမှုအတွက် တာဝန်ယူမှုအား မျှဝေကြသည်။

- ကျောင်းသူ၊ ကျောင်းသားများ၏ အောင်မြင်ရရှိမှုနှင့် ဖွံ့ဖြိုးကြီးထွားမှုအတွက် ထိရောက်အစွမ်းထက်မှု မြင့်မားပြီး အဖွဲ့တစ်ခုအနေဖြင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော လေးစားဖွယ် ဂုဏ်သရေရှိ ဝန်ထမ်းများမှ မောင်းနှင်ဆောင်ရွက်ပေးကြသည်။

- ကျောင်းသူ၊ ကျောင်းသားများသည် ၎င်းတို့၏ သင်ယူလေ့လာမှုအတွက် တက်ကြွမှုရှိပြီး၊ အဆက်မပြတ် သော တာဝန်ယူမှုကို ထိန်းသိမ်းကြရသည်။

- မိသားစုများသည် ပညာရေးတွင် ကျွန်ုပ်တို့၏ တွဲဖက်ပါတနာများပင်ဖြစ်သည်။

- လူမှုအသိုင်းအဝိုင်း တွဲဖက်ပါတနာဆက်ဆံရေးများသည် ကျောင်းသူ၊ ကျောင်းသားများနှင့် မိသားစုများ အတွက် အသက်သွေးကြောတမျှ အရေးပါလှသော အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို ထောက်ပံ့ပေးသည်။

- အားလုံးသော ကျောင်းသူ၊ ကျောင်းသားများထံတွင် တန်းတူညီမျှသော သင်ယူလေ့လာခြင်းဆိုင်ရာ အခွင့်အရေးများ၊ ၎င်းတို့၏ အလားအလာ စွမ်းဆောင်နိုင်စွမ်းအားရောက်ရှိနိုင်ရန် ပံ့ပိုးကူညီ ပေးသည့် နည်းပညာပိုင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်တို့ ရှိရမည်ဖြစ်သည်။

- မတူကွဲပြားခြားနားမှုသည် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းတွင် အားသာချက်တစ်ခုပင် ဖြစ်သည်။

